Burmese

# ကမ်းခြေများတွင် လုံခြုံ စိတ်ချ မှု။




**No Flags**

**No Swim**

အလံများ မရှိပါက

ရေ မကူးရ။

## အသက်ကယ်ဆယ်ရေး ဝန်ဆောင်မှု။

wollongong
city of innovation

# သင့်အား အသက်အန္တရာယ်ဘေးကင်းစေရန်။

**NO FLAGS NO SWIM**

- အမြဲတမ်း အနီရောင်နှင့် အဝါရောင်  အလံများ၏ အတွင်း၌သာ ရေကူးပါ။ (ထို အလံများသည် သတ်မှတ်ထားသည့် ရေကူးနိုင်သော ဧရိယာကို ညွှန်ပြသည်။)
- အသက်ကယ်ဆယ်ရေး အစောင့်များ နှင့် အသက်ကယ်ဆယ်ပေးသူများ ကင်းလှည့် နေသော နေရာများတွင် သာ ရေကူးပါ။
- အခက်အခဲကြုံလာပါက စိတ်ကို ငြိမ်ငြိမ်ထားပြီး လက်ကို မြှောက်လိုက်ပါ။
- ကလေးသူငယ်များအား အမြဲ ကြီးကြပ် စောင့်ရှောက် ထား ပါ။
- တစ်ယောက်တည်း မည်သည့်အခါမျှ ရေမကူးပါနှင့်။
- အသက်ကယ်ဆယ်ရေး အစောင့်များ နှင့် အသက်ကယ်ဆယ်ပေးသူများ၏ အကြံပြုချက်များအား လိုက်နာပါ။
- ဦးထုပ်၊ နေကာမျက်မှန်၊ ရှပ်အင်္ကျီနှင့် နေ အကာ အကွယ် လိမ်းဆေး တို့ကို အမြဲ ဝတ်ဆင် လိမ်းကျံ ပါ။ ရေအများအပြား သောက်သုံးပါ။
- မည်သည့်အခါမျှ  အရက်သေစာသောက်သုံးပြီး ရေမကူးပါနှင့်။










## အသက်ကယ်ဆယ်ရေး အစောင့်များ ကင်းလှည့်ပေးနေသော ကမ်းခြေများ။

ကမ်းခြေ ၁၇ ခု သည် NSW ပြည်နယ် ကျောင်းပိတ်ရက်အစဖြစ်သော စက်တင်ဘာလ မှစ၍ ဧပြီလ ကျောင်းပိတ်ရက် အဆုံးအထိ ကင်းလှည့်ပေး လျက် ရှိသည်။ North Wollongong ကမ်းခြေသည် တစ်နှစ်ပတ်လုံး ဖွင့်ထားပါသည်။

ကမ်းခြေ၏တည်နေရာ၊ စည်းမျဉ်းစည်းကမ်းများ၊ ရေ အရည်အသွေး နှင့် ကမ်းခြေသုံး ဘီးတပ်ကုလားထိုင်ကို မည်သို့ ကြိုတင်မှာယူရမည်၊ စသည့်အချက်အလက်များ ကောင်စီ၏ ဝက်ဘ်ပေ့ချ် တွင် ဝင်ရောက်ကြည့်ရှု နိုင်သည်။




အသက်ကယ်ဆယ်ရေး အစောင့်များ ကင်းလှည့်သော နေရာများတွင်သာ ရေကူးပါ။

အနီရောင် အလံများရှိသော အချိန်တွင် ရေမကူးပါနှင့်။

ရေလွှာလှိုင်းစီးခြင်းကို ခွင့်မပြုပါ။

အဆိပ်ရှိ ရေသတ္တဝါ ရှိ နေ ကြောင်း သတိပေးချက်။

ခွေးများအား ယူဆောင်လာခြင်းတားမြစ်ထားသည်။

အမှိုက်မပစ်ရ။

# အသက်ကယ်ဆယ်ရေး အစောင့်များ နှင့် အသက်ကယ်ဆယ်ပေးသူများ။

ကမ်းခြေများနှင့် ရေကူးကန်များတွင် အသက်ကယ်ဆယ်ရေး အစောင့်များအား Wollongong မြို့ ကောင်စီ မှ ခန့်အပ်ထားသည်။ ထို အစောင့်များသည် ရှပ်အင်္ကျီအဖြူနှင့် အပြာရင့်ရောင် ဘောင်းဘီတိုကို ဝတ်ဆင်ကြသည်။ ကျွန်ုပ်တို့၏ကမ်းခြေအသက်ကယ်ဆယ်ရေး အစောင့်များသည် တနင်္လာနေ့မှ စနေနေ့အထိ ပုံမှန် ကင်းလှည့်ကြသည်။

အသက် ကယ်ဆယ်ပေးသူ များသည် ၎င်းတို့၏ အချိန်များကို တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ကမ်းခြေများ၌ ကင်းလှည့်ရန် ပေးထားကြသော စေတနာ့ ဝန်ထမ်းများဖြစ်ကြသည်။ ၎င်းတို့သည် အနီရောင်နှင့် အဝါရောင် ယူနီဖောင်းများ ဝတ်ဆင်ကြသည်။



အနီရောင် နှင့် အဝါရောင် အလံများကြား လှိုင်းစီးဘုတ်များ စီးခြင်းကို ခွင့်မပြုပါ။




စေတနာ့ ဝန်ထမ်း အသက်ကယ်သူများ။

## မရဏရေဆွဲ။

ကမ်းခြေအများစုတွင် မရဏရေဆွဲများရှိကြသည်။ မရဏရေဆွဲများသည် ရေများကို သမုဒ္ဒရာထဲသို့ ပြန်တွန်းထုတ်ကြပြီး လူအပါအဝင် ရေပေါ်တွင် မျောနေသောအရာများကို ၎င်းတို့နှင့်အတူ သယ်ဆောင်သွားကြသည်။ အချို့သော မရဏရေဆွဲများ၏ လက္ခဏာများတွင်အောက်ပါအရာများ ပါဝင်သည်။

- လှိုင်းလုံးမရှိသော (သို့မဟုတ်) အနည်းငယ် သာရှိသော အရောင်နက်သော ရေ။
- ရေပြီမ်များဖြင့်ဝိုင်းရံထားသော လှိုင်းလေးများတစ်ခု။
- မရဏရေဆွဲများအားလုံးသည် ထိုသို့သော လက္ခဏာများ မပြပါ။ အကယ်၍ သံသယရှိပါက ရေနှင့် ဝေးရာတွင်နေပါ။
- အကယ်၍ သင် မရဏရေဆွဲထဲသို့ ရောက်ရှိသွားပါက, ထိုရေဆွဲ၏ ဆန့်ကျင်ဘက်သို့ ကူးခတ်ရန် မကြိုးစားပါနှင့်။ သင်ပင်ပန်းနွမ်းနယ်လာပါက၊ ရေပေါ်တွင် ပေါ်အောင်ဖေါ့ဖို့ ကြိုးစားပါ။

## ကျွန်ုပ်တို့၏ပညာပေးရေးအစီအစဉ်။

Wollongong မြို့ အသက်ကယ်ဆယ်ရေး အစောင့် ဝန်ဆောင်မှု Wollongong Lifeguard Service ကို သင့်ကျောင်းသို့ လာစေလိုပါက သို့မဟုတ် အကြောင်း အရာ  ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

## အချက်အလက်များ။

ပိုမိုသိရှိလိုပါက ကောင်စီ၏  'Beaches' ဝက်ဘ်စာမျက်နှာ သို့ ဝင်ရောက်ကြည့်ရှုပါ (သို့မဟုတ်) ကာစတန်မာ ဝန်ဆောင်မှု (02) 4227 7111 သို့ ဖုန်းဖြင့်ဆက်သွယ်ပါ။

အကယ်၍ သင် စကားပြန်တစ်ဦး လိုအပ်ပါက တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု နံပါတ် ၁၃၁ ၄၅၀ သို့ ခေါ်ဆိုပြီး၊ Wollongong မြို့ကောင်စီ လူမှု ဝန်ဆောင်မှု Wollongong City Council Customer Service ကို တောင်းခံပါ။

WCC © 5005599.8.23

လှိုင်းစီးခြင်း ဆိုင်ရာ ဘေးကင်းရေး ဗီဒီယိုများကို Wollongong မြို့ ကောင်စီ၏ ယူကျု ချန်နယ် Wollongong City Council YouTube တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

www.wollongong.nsw.gov.au/lifeguards